# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# အကောက်ခွန်ဦးစီးဌာန

ရုံးတွင်းညွှန်ကြားလွှာအမှတ် (၉/ ၂၀၂၁)

အကြောင်းအရာ။ **မော်တော်ယာဉ် ထည့်သွင်းတင်ဆောင်လာသည့် ကုန်သေတ္တာများကို Release Order မရရှိမီ ကုန်သေတ္တာအခွံအား ထုတ်ယူခြင်း လုပ်ငန်းစဉ်**

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ဆိပ်ကမ်းအသီးသီးရှိ Consignee တူညီသော မော်တော်ယာဉ် ထည့်သွင်းတင်ဆောင်လာသည့် ကုန်သေတ္တာများအား အကောက်ခွန်စစ်ဆေးခြင်း လုပ်ငန်းများ မဆောင်ရွက်မီ အချိန်အတွင်း ကုန်သေတ္တာအခွံများအား သက်ဆိုင်ရာနေရာများသို့ ပြန်လည်အပ်နှံနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်-

(က) Consignee မှ တာဝန်ယူ၍ သွင်းကုန်ကြေညာလွှာ မဖွင့်လှစ်မီ ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ထံသို့ ကုန်သေတ္တာဖွင့်ဖောက်ခွင့် (CYO/ BIA) လုပ်ဆောင်ခွင့်ပြုနိုင်ပါရန် ခွင့်ပြုချက် တောင်းခံရန်။ (မှတ်ချက်- အကောက်ခွန်ကြေညာလွှာ မတင်သွင်းမီ ကုန်သေတ္တာဖွင့်ဖောက်မည်ဆိုပါက တစ်ပါတည်း ဖော်ပြလျှောက်ထားရန်)

(ခ) ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲမှ ခွင့်ပြုချက် ရရှိပါက ခွင့်ပြုချက်နှင့်အတူ ကုန်သေတ္တာအခွံ ထုတ်ယူခြင်း လုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာ ဆိပ်ကမ်း Operator များထံ သွားရောက်ပြသ၍ (CYO/ BIA) Service ပြုလုပ်ဆောင်ရွက်ရန်။

(ဂ) (CYO/ BIA) Service ပြုလုပ်ဆောင်ရွက်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ကြို/ စစ်) တင်သွင်းရန်။ (မှတ်ချက် - သွင်းကုန်ကြေညာလွှာ တင်သွင်းရာတွင် Bill of Loading ပါ Container No များနှင့် Security Fees ပေးသွင်းခွင့်ပြုရန်အတွက် Import Declaration တွင် ပါရှိသည့် Note အကွက်တွင် ထည့်သွင်းဖော်ပြရန်နှင့် CYO/ BIA Service ဆောင်ရွက်ပြီးမှသာ Declaration တင်သွင်းရမည်ကို အထူးသတိပြုရန်)

(ဃ) သက်ဆိုင်ရာ ကုန်သေတ္တာအရေအတွက်အလိုက် ပေးဆောင်ရမည့် Security Fees များအား ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ (ငွေစာရင်းဌာနစိတ်) တွင် ပေးသွင်းရန်။

(င) ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ (ငွေစာရင်းဌာနစိတ်) အနေဖြင့် Security Fees အား မူလ Declaration No. နောက်တွင် 'S' ကပ်၍ SIK/ RCC Service ဖြင့် လက်ခံဆောင်ရွက်ပေးရန်နှင့် ကောက်ခံပြီးကြောင်း အထောက်အထားကို IKO Service ဖြင့် (Reference of payment status information) ပြန်လည်ထုတ်ပေးရန်။ (မှတ်ချက် – Declaration No. ၏ နောက်တွင် 'S' ကပ်ခြင်းသည် ဤကြေညာချက်ပါ လုပ်ငန်းစဉ်အတွက်သာ ဖြစ်ပါသည်။)

(စ) Security Fees ပေးသွင်းပြီးကြောင်း အထောက်အထား (Reference of payment status information) အား ကြို/ စစ် ပြန်လည်တင်ပြချက်နှင့်အတူ စည်းကြပ်အရာရှိထံသို့ Attached File ဖြင့် ပူးတွဲတင်ပြရန်နှင့် စည်းကြပ်အရာရှိမှလည်း စိစစ်၍ မှန်ကန်ပါက Security Fees ပေးသွင်းပြီးကြောင်း NA02A တွင် မှတ်ချက်ရေးသွင်းရန်။ (မှတ်ချက် – ငွေသွင်းအထောက်အထား မှန်ကန်မှု ရှိ/မရှိ အား စည်းကြပ်အရာရှိမှ IKO Service ဖြင့် စိစစ်နိုင်ပါသည်။)

(ဆ) ကျန်လုပ်ငန်းစဉ်များအား ပုံမှန် မော်တော်ယာဉ်စစ်ဆေးခြင်း လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ရန်။

၂။ ဤရုံးတွင်းညွှန်ကြားလွှာသည် ၈-၄-၂၀၂၂ ရက်နေ့မှ စ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ)
၈. ၄. ၂၀၂၂

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
အောင်ခိုင်၊ ညွှန်ကြားရေးမှူး (စီမံ)

စာအမှတ်၊ ၃၃ - ၀ထ / ၂၀၂၂ ( ၅၃၂ )
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့် စီမံရေးရာ)
ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး)
ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)
ဌာနခွဲညွှန်ကြားရေးမှူးများအားလုံး
ဌာနခွဲဒုတိယညွှန်ကြားရေးမှူးများအားလုံး

ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ (အပို ၁၅ စောင်)
ကြော်ငြာသင်ပုန်း
မိတ္တူကို-

ရုံးလက်ခံ

မျှောစာတွဲ